## မာတိကာ


| | | |
|---|---|---|
| | ဆရာဦးဝင်းငြိမ်း အမှာစာ | ၇ |
| (၁) | အကယ်ဒမီ မြင့်မြင့်ခင် | ၁၃ |
| (၂) | အကယ်ဒမီ အောင်လွင် | ၄၃ |
| (၃) | အကယ်ဒမီ ဝါဝါဝင်းရွှေ | ၆၇ |
| (၄) | အကယ်ဒမီ အေးအေးသင်း | ၉၃ |
| (၅) | အကယ်ဒမီ ဆွေဇင်ထိုက် | ၁၀၉ |
| (၆) | အကယ်ဒမီ ချိုပြုံး | ၁၃၁ |
| (၇) | အကယ်ဒမီ မေဝင်းမောင် | ၁၄၉ |
| (၈) | အကယ်ဒမီ ခင်သီတာထွန်း | ၁၇၃ |
| (၉) | အကယ်ဒမီ ကျော်သူ | ၁၉၉ |
| (၁၀) | အကယ်ဒမီ နွဲ့နွဲ့စန်း | ၂၂၇ |
| (၁၁) | အကယ်ဒမီ မိုးမိုးမြင့်အောင် | ၂၃၉ |
| (၁၂) | အကယ်ဒမီ မြင့်မြင့်နိုင် | ၂၉၇ |
| (၁၃) | အကယ်ဒမီ ရန်အောင် | ၃၂၁ |
| (၁၄) | အကယ်ဒမီ ထွန်းအိန္ဒြာဗို | ၃၄၁ |
| (၁၅) | မေခွိ | ၃၆၃ |
| (၁၆) | အကယ်ဒမီ မေသန်းနု | ၃၈၃ |
| (၁၇) | အကယ်ဒမီ မေယု | ၃၉၉ |
| (၁၈) | အကယ်ဒမီ စိုးမြတ်သူဇာ | ၄၁၅ |
| (၁၉) | အကယ်ဒမီ ရဲအောင် | ၄၃၅ |
| (၂၀) | မန္တလေး သိန်းဇော် | ၄၅၁ |
| | ကိုယ်ရေးအကျဉ်း | ၄၇၁ |




# လိပ်ပြာကူး ထူးခြားသူများနဲ့ ကျွန်တော်

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ကျွန်တော့်ဘဝက ခုနစ်တွေမင်းသားလိုပါပဲ။ သင်ယူထားတဲ့ အတတ်ပညာက စာရင်းနဲ့ပတ်သက်တဲ့ ဝါဏိဇ္ဇဘွဲ့ပါ။ ဒီဘွဲ့ကြောင့်ပဲ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ နှစ်ပေါင်း ၃၀ တာဝန်ထမ်းဆောင်ခဲ့ပြီးပါပြီ။ အဲဒီအချိန်အတွင်းမှာပဲ ဗီဇတစ်ခုဖြစ်တဲ့ စာရေးခြင်း၊ ဘာသာပြန်ခြင်း တို့ကို ဖြည့်ဆည်းနိုင်ဖို့ ဆရာ ဦးမြလှိုင်ရဲ့ ပေဖူးလွှာမဂ္ဂဇင်းမှာ စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း ဆိုတဲ့ ကဏ္ဍကို တာဝန်ယူပြီး စာရေးဆရာကြီး ၅၇ ဦးနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ပေါ်ပ်ကဏ္ဍကိုလည်း တာဝန်ယူရတာဆိုတော့ မင်းသား၊ မင်းသမီးများနဲ့ပါ တွေ့ဆုံရင်းနှီးခဲ့ပါတယ်။ စာရေးဆရာကြီးများနဲ့ အင်တာဗျူးကို **ဝင်းငြိမ်းနှင့် စာရေးဆရာများ** ဆိုတဲ့ ခေါင်းစဉ်နဲ့ စုပေါင်းထုတ်ဝေခဲ့ပြီးပါပြီ။

တွေ့ဆုံခဲ့ဖူးတဲ့ အနုပညာရှင် သရုပ်ဆောင်များနဲ့ တွေ့ဆုံတာကိုလည်း ဘဝမှာ မှတ်မှတ်ထင်ထင် မှတ်တမ်းတင်ထားခဲ့ချင်ပါတယ်။ စိတ်ထဲမှာ အဲဒီလို အာသာပြင်းပြင်းရှိနေချိန် ကမာရွတ်မီဒီယာမှ ကိုဟံသာညိန်းနဲ့ စကားစပ်မိတဲ့အခါ ပြောပြဖြစ်ပါတယ်။ သူက လိုလိုလားလားပဲ၊ သူတို့အဖွဲ့



လိုက်မှတ်တမ်းတင်ပေးပြီး ကမာရွတ်မီဒီယာကနေ အွန်လိုင်းမှာ ထုတ်လွှင့်ပေးမယ်လို့ ဆိုတာကြောင့် ကျွန်တော့်မှာ ရေငတ်နေတုန်း ရေတွင်းထဲ ကျခဲ့ရပါတယ်။ ကျွန်တော် မှတ်တမ်းတင်ခဲ့ချင်တဲ့ သရုပ်ဆောင်ကြီးများကို စကားကမ်းလှမ်းပြီး သူတို့ အားတဲ့နေ့၊ ကမာရွတ်မီဒီယာက ကင်မရာများအားတဲ့နေ့၊ ကျွန်တော် အားတဲ့နေ့ သုံးခုကို တိုက်ဆိုင်ပြီး အင်တာဗျူးတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်လုပ်ချင်သူ အားလုံးနီးပါး လုပ်ဖြစ်ခဲ့တယ်ပဲ ဆိုကြပါစို့။ တချို့ ကျန်ပါသေးတယ်။ ဒါပေမဲ့ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ကြုံလာနိုင်တဲ့အတွက် လုပ်ပြီးသမျှ သရုပ်ဆောင် ၂၀ တို့နဲ့ ပြောဖြစ်တာတွေကို ဒီစာအုပ်မှာ ဖော်ပြထားပါတယ်။

စာရေးဆရာကြီးများနဲ့ အင်တာဗျူးလုပ်စဉ်ကာလက ကက်ဆက်ပေါ်ပြီဖြစ်လို့ ကိုယ့်ကက်ဆက်နဲ့ကိုယ် အသံသွင်းယူပြီး မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အခွေပေါင်းများစွာ ကျွန်တော့်မှာ ထုပ်ထုပ်ပိုက်ပိုက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကက်ဆက်ခွေများက ရာသီဥတုဒဏ်မခံနိုင်တာကြောင့် သတိရလို့ ကြည့်လိုက်တဲ့အခါမှာ မှိုတက်တာက တက်၊ ကပ်တဲ့အခွေက ကပ် နှမြောစရာကောင်းလောက်အောင် ပျက်စီးသွားခဲ့ပါတယ်။ ရုပ်ရှင်အနုပညာရှင်များနဲ့ တွေ့ဆုံရမှာတော့ ခေတ်မီတိုးတက်လာပြီဖြစ်တဲ့အတွက် အရုပ်ရော၊ အသံကိုပါ ကမာရွတ်မီဒီယာရဲ့ ရုပ်သံကင်မရာများနဲ့ မှတ်တမ်းတင်နိုင်တာဖြစ်လို့ ကိုယ်ပိုင်ကက်ဆက်ကို ကာပြန်ပြီး သူတို့ရိုက်ထားတဲ့ အခွေထဲက အသံရှိတာပဲလို့ အောက်မေ့ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ ထုတ်လွှင့်တဲ့အခါမှာ တည်းဖြတ်ထုတ်လွှင့်တာဖြစ်လို့ ကျွန်တော်တို့ မေးကြဖြေကြတာ အကုန် မပါပါဘူး။ သူတို့စိတ်တိုင်းကျ တည်းဖြတ်ထားတာတွေသာ ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အစအဆုံးကတော့ သူတို့ရဲ့ အခွေကြမ်းထဲမှာ ရှိတာပဲလို့ ကျွန်တော်ကလည်း ခပ်ပေါ့ပေါ့ပဲ နေခဲ့ပါတယ်။

**လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ ခေါင်းစဉ်ကို စဉ်းစားပေးတာက ဆရာမ နုနုရည်အင်းဝ ဖြစ်ပါတယ်။ သရုပ်ဆောင်ဆိုတာ သူပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်နေရာကို ရောက်သွားအောင် စိတ်သွင်း၊ တစ်နည်းအားဖြင့် ပြောရရင် လိပ်ပြာကူးပြီး သရုပ်ဆောင်ရတာဖြစ်တဲ့အတွက် ဆရာမ နုနုရည်အင်းဝရဲ့ ခေါင်းစဉ်ဟာ အင်မတန်လိုက်ဖက်ပါတယ်။ တစ်ယောက်ပြီး တစ်ယောက် အင်တာဗျူးလုပ်ခဲ့တာ သရုပ်ဆောင်ပေါင်း ၂၀ ရှိခဲ့ပါပြီ။ မှတ်တမ်းတင်ခဲ့ချင်တဲ့ သရုပ်ဆောင်တချို့ ကျန်ပါသေးတယ်။ ဒါပေမဲ့



ကျွန်တော့်မှာက လုပ်ချင်တဲ့၊ လုပ်ပေးချင်တဲ့ အလုပ်တွေက များတာကြောင့် ဒီလောက်ဆိုရင် တော်ပြီလို့ ဖြတ်လိုက်ပါတယ်။ ဒီအင်တာဗျူးတွေကို စာရေးဆရာအင်တာဗျူးလို ပေါင်းပြီးရေးမယ် စဉ်းစားတော့ ကျွန်တော့်မှာ မူရင်းအသံမရှိပါဘူး။ ရုပ်မြင်ကင်မရာအားကိုးနဲ့ အသံဖမ်းမယူခဲ့တာကြောင့် ကမာရွတ်မီဒီယာကို အကူအညီတောင်းရပါတယ်။ သူတို့မှာကလည်း အင်မတန်များပြားလှတဲ့ အလုပ်တာဝန်တွေကြောင့် အခု အမှာစာရေးတဲ့အချိန်အထိ အခွေကြမ်း မရနိုင်ခဲ့ပါဘူး။

လူ့သက်တမ်းဆိုတာ ဘယ်သူမှ ကြိုတင်ခန့်မှန်းမရနိုင်တာကြောင့် ကျွန်တော် လှုပ်ရှားနိုင်သေးတဲ့ ကာလအတွင်းမှာ ဒီစာအုပ်ကို လုပ်ခဲ့ချင်ပါတယ်။ ကိုယ့်လက်ထဲမှာ ဘာမှမရှိပါဘူး။ ဒီတော့ YouTube ကို အားကိုးရပါတယ်။ အားလုံးရပါတယ်။ ဒါပေမဲ့ ဒါတွေက တည်းဖြတ်ပြီးသား အရုပ်တွေ၊ အသံတွေသာ ဖြစ်ပါတယ်။ တကယ်ပြောခဲ့ကြတာတွေ အားလုံး မပါပါဘူး။ အားလုံးမှတ်တမ်းမတင်နိုင်တာက ကျွန်တော့် ပေါ့လျော့မှုကြောင့် ဖြစ်ပါတယ်။ အခုတော့မှ "သူများ နှာခေါင်း အငှားတောင်း အကြောင်းမကောင်းရှင့်" ဆိုတဲ့ စကားကို မှတ်မှတ်ထင်ထင် ဖြစ်ပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မှတ်တမ်းတင်နိုင်သရွေ့ကို ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေ အနုပညာရှင်များ ပြောခဲ့ကြတာတွေကို စုစည်းဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့တဲ့ အနုပညာရှင်များနဲ့တကွ ခေါင်းစဉ်အသုံးပြုခွင့်ပေးခဲ့တဲ့ ဆရာမ နုနုရည်အင်းဝ၊ ကမာရွတ်မီဒီယာတို့ကို ကျေးဇူးတင်ပါတယ်။

**လေးစားစွာဖြင့်**

**ဝင်းငြိမ်း**